## အကုသိုလ် စေတသိက် (၁၄) ပါး

- မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ = မောစတုက် (၄) ပါး
- လောဘ ဒိဋ္ဌိ မာန = လောတြိ (၃) ပါး၊ ပပဥ္စတရား (၃) ပါး
- ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ = ဒေါစတုက် (၄) ပါး
- ထိန မိဒ္ဓ
- ဝိစိကိစ္ဆာ

## မောဟ (၂) မျိုး

၁။ အနုသယမောဟ = သတ္တဝါတို့၏ သန္တာန်တွင် အစဉ်တစိုက် လိုက်ပါနေသော မောဟ။

၂။ ပရိယုဋ္ဌာနမောဟ = တခါတရံ စိတ်နှင့်အတူ ဖြစ်ပေါ်လာသော မောဟ။

## ဉာဏ်ပညာမဖြစ်နိုင်ခြင်း၏ အကြောင်း (၄) ပါး

- ရာဂ(လောဘ)၊ ဒေါသ၊ မောဟ၊ မဒ (မာန) ယစ်မူးမာန်တက်ခြင်း။
  - ရာဂ, ဒေါသ, မောဟ, မာန အားကြီးပါ ပညာပျက်စီးကြောင်း။
    ထို့ကြောင့် လူရှင် သတိဝင် မှန်ပင်နေသင့်ကြောင်း။
  - မသွားသင့်ရာ သွားမိပါ မှန်စွာအပြစ်သင့်။
    လောကီစျာန်မှာ လျော့တတ်ရာ သာယာမနေသင့်။
    လောကုတ်ပညာ ခိုင်မြဲပါ မှန်စွာရအောင်ကျင့်။

- ➢ အာရုံ၏ သဘောကို ဖုံးလွှမ်းတတ်၍ အမိုက်တိုက်နှင့် တူသောကြောင့် မောဟကို တမ-ဟုလည်းခေါ်၏၊
- ➢ မောဟသည် နာမရူပပရိစ္ဆေဒဉာဏ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်တို့၏ ဘေးရန်ဖြစ်၏။
- ➢ မိစ္ဆာအယူကို ယုံကြည်မှုသည် မိစ္ဆာဓိမောက္ခ (မောဟ) ဖြစ်၏၊ သဒ္ဓါ မဟုတ်။

## ကိလေသာ၏ အပြစ်များ

- ကိလေသာခိုင်းရာ ပြုတတ်ပါ ဂုဏ်မှာပျက်စီးသည်။
- ကိလေခိုင်းစဉ် ပြုတတ်လျှင် ပြစ်တင်ခံရသည်။
- အပူကိလေသာ ငရဲမှာ မှန်စွာဖြစ်စေသည်။

## ဒုစရိုက် ဘေး (၄) မျိုး

၁။ အတ္တာနုဝါဒဘေး = မိမိကိုယ်ကို မိမိပြန်ပြီး ကဲ့ရဲ့ခြင်း အပြစ်တင်ခြင်း

၂။ ပရာနုဝါဒဘေး = သူတပါးတို့က ကဲ့ရဲ့ခြင်း

၃။ ဒဏ္ဍဘေး = အပြစ်ဒဏ် ခံရခြင်း

၄။ ဒုဂ္ဂတိဘေး = မကောင်းသောဘုံဘဝသို့ ရောက်ရခြင်း

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် (10/22/2021 Evening)
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org